# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်ထောင်မြို့နယ်၊ ရန်ကုန်မြို့

Email: dma@motc.gov.mm, dma.myan@gmail.com    Tel:951397640

PO.Box:194    Fax:951397641


ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၃ ရက်

## ကြေညာချက်(၆/၂၀၂၀)

အကြောင်းအရာ။ **Coronavirus Disease 2019 (COVID-19) ရောဂါကာလအတွင်း မြန်မာသင်္ဘောသားများအနေဖြင့် သင်္ဘောပေါ်တွင် ဆက်လက် တာဝန်ထမ်းဆောင်ခြင်း၊ သင်္ဘောမှ Sign Off ပြုလုပ်၍ မိခင်နိုင်ငံသို့ ပြန်လာခြင်းနှင့် သင်္ဘောတွင် တာဝန်ထမ်းဆောင်ရန် ထွက်ခွာခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကိစ္စ**

ကမ္ဘာ့နိုင်ငံများ၌ ဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါကြောင့် နိုင်ငံအများအပြားတွင် Lock down ပြုလုပ်ခြင်း၊ လေဆိပ်များကို ပြည်ပလေယာဉ်များဆင်းသက်ခွင့် ရပ်ဆိုင်းခြင်းနှင့် လေယာဉ် ခရီးစဉ်ဖျက်သိမ်းခြင်းများကြောင့် လက်ရှိသင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော သင်္ဘောသားများအတွက် Crew change ပြုလုပ်ခြင်းများဆောင်ရွက်ရန် အခက်အခဲများ ဖြစ်ပေါ်လျက် ရှိပါသည်။ သင်္ဘောပေါ်တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော သင်္ဘောသားများ ဆက်လက် တာဝန်ထမ်းဆောင်ရခြင်း၊ မိခင်နိုင်ငံသို့ပြန်လာရန် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခြင်း၊ လေဆိပ်များတွင် ပြည်ပလေယာဉ် ဆင်းသက်ခွင့်များရပ်ဆိုင်းခြင်းတို့ကြောင့် လတ်တလောဖြစ်ပေါ်လျက်ရှိသော အခြေအနေများတွင် မြန်မာသင်္ဘောသားများ အဆင်ပြေစေရေးအတွက် အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရန် အသိပေးကြေညာအပ်ပါသည်-

### (က) သင်္ဘောပေါ်တွင်ဆက်လက်တာဝန်ထမ်းဆောင်ခြင်း

(၁) Seafarer Recruitment and Placement Services (SRPS) ကုမ္ပဏီများမှ သင်္ဘောများတွင် တာဝန်ထမ်းဆောင်ရန် စေလွှတ်ထားသော မြန်မာသင်္ဘောသားများသည် ယခုကာလအတွင်း စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပါက ဖြစ်ပေါ်လျက်ရှိသောအခြေအနေများကြောင့် နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် သင်္ဘောပေါ်၌ (onboard) စာချုပ်သက်တမ်းတိုးခြင်းကို ဆောင်ရွက်နိုင်သည်။

(၂) သင်္ဘောပေါ်တွင်သက်ဆိုင်ရာ Flag State များမှထုတ်ပြန်ထားသော COVID-19 ကာကွယ်ရေး ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရမည်။

(၃) သင်္ဘောပေါ်တွင်ဆက်လက်တာဝန်ထမ်းဆောင်ရန် All in one(COC/COP) လက်မှတ်သက်တမ်း ကုန်ဆုံးခြင်းများအတွက် လက်မှတ်ယာယီသက်တမ်းတိုးခြင်းကိုဦးစီးဌာန၏ ကြေညာချက်အမှတ်(၂/၂၀၂၀)ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(၄) သင်္ဘောပေါ်တွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် Seafarer Identification and Record Book (SIRB) သက်တမ်းကုန်ဆုံးခြင်းနှင့် စပ်လျဉ်း၍ onboard သက်တမ်းတိုးပေးခြင်းအား ဦးစီးဌာနက ကြေညာချက် အမှတ် (၅/၂၀၂၀)ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်သည်။

**(ခ) သင်္ဘောမှ Sign off ပြုလုပ်၍ မိခင်နိုင်ငံသို့ ပြန်လာခြင်း**

(၁) သင်္ဘောမှ Sign off ပြုလုပ်လာသော သင်္ဘောသားများသည် သက်ဆိုင်ရာနိုင်ငံများ၏ သတ်မှတ်ချက်များနှင့်အညီ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို လက်ခံလိုက်နာဆောင်ရွက်ရမည်။

(၂) ယခုကာလတွင် ပြည်ပလေယာဉ်ဆင်းသက်ခွင့် ရပ်ဆိုင်းထားသော်လည်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ လူသားချင်းစာနာမှုအကူအညီလေယာဉ် (Relief Flight)များ ပျံသန်းပေးသွားမည်ဖြစ်၍ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြရမည်။

(၃) မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ၂၂-၃-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ထားသောလေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများအတွက် COVID-19 ရောဂါနှင့်ပတ်သက်သော ကျန်းမာရေးဆိုင်ရာ သတိပေးအချက်အလက်များ၊ ၁၁-၄-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ထားသော Community Based Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်းနှင့် COVID-19 နှင့်သက်ဆိုင်သော ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **သင်္ဘောတွင်တာဝန်ထမ်းဆောင်ရန်အတွက်ထွက်ခွာခြင်း။**

(၁) သင်္ဘောတွင်တာဝန်ထမ်းဆောင်ရန်အတွက် ပြန်လည်ထွက်ခွာမည့် သင်္ဘောသားများသည် ဦးစီးဌာနမှ ယခင်သတ်မှတ်ထားသော ညွှန်ကြားချက် များအပြင် သက်ဆိုင်ရာနိုင်ငံများမှ သတ်မှတ်ထားသော COVID-19 နှင့်သက်ဆိုင်သည့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်နှင့် စစ်ဆေးခြင်းများကိုလည်းလိုက်နာဆောင်ရွက်ရမည်။

13/5/20

စိုးနိုင်

ညွှန်ကြားရေးမှူးချုပ် (ပူးတွဲတာဝန်)

**ဖြန့်ဝေခြင်း**

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

မြန်မာအမျိုးသားလေကြောင်း

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(MSESF)

Seafarer Recruitment and Placement Services (SRPS) ကုမ္ပဏီများအားလုံး

မိတ္တူ

ညွှန်ကြားရေးမှူးချုပ်ရုံး၊

ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ)၊

ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)၊

ရေကြောင်းဌာနခွဲ၊

ရေကြောင်းအင်ဂျင်နီယာဌာနခွဲ၊

ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊လုံခြုံရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ၊

သင်္ဘောသားဌာနခွဲ၊

ရုံးလက်ခံ။